## မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | **စာရေးသူ၏ အမှာ** | |
| ၁။ | **စကားပလ္လင်** | ၁၅ |
| ၂။ | **ရွှေပြည်အင်းဝ** | ၂၀ |

ပထမ အင်းဝနေပြည်တော် သတိုးမင်းဖျားသည် သက္ကရာဇ် ၇၂၆ ခုနှစ်တွင် တည်သည်။ ရွှေနန်းကြော့ရှင်လက်ထက် သက္ကရာဇ် ၈၈၈ ခုနှစ်တွင် ပျက်သည်။ ဒုတိယ အင်းဝနေပြည်တော်ကို မင်းကြီးရန်နောင်က တည်သည်။ သက္ကရာဇ် ၁၁၁၃ ခုနှစ်တွင် ပျက်သည်။ တတိယ အင်းဝနေပြည်တော်ကို အလောင်းမင်းတရား၏ သားတော် ဆင်ဖြူရှင်သည် သက္ကရာဇ် ၁၁၂၇ ခုနှစ်တွင် တည်သည်။ ဘိုးတော် ဗဒုံမင်းလက်ထက် နေပြည်တော်ကို အမရပူရသို့ သက္ကရာဇ် ၁၁၄၅ ခုနှစ်တွင် ပြောင်းသည်။ တတိယအင်းဝ ပျက်သုဉ်းသည်။

| | | |
|---|---|---|
| ၃။ | **အမရပူရ နေပြည်တော်၊** | ၂၁ |

ဘိုးတော် ဗဒုံမင်း၏ သားတော်ကြီး မဟာဥပရာဇာ၏ မိဖုရားတွင် သားတော်ဖွားမြင်သည်၊ ထိုနေ့ပင် ဘိုးတော်

ဗဒုံမင်းက စစ်ကိုင်းမြို့ကို စားစေသဖြင့် နောင်သော် ဘကြီးတော်စစ်ကိုင်းမင်းဟု တွင်သည်။ ထိုနှစ် ဦးလှူပ်၏ ဇနီး ဒေါ်ငယ်တွင် သမီးကလေး မယ်နုကို မွေးသည်။ နောင်သောအခါ နန်းမတော်မယ်နုဟု ကျော်စောသည်။ ဘိုးတော်က ဆရာတော်ကြီး တစ်ကျိပ် နှစ်ပါးကို သာသနာပြုခန့်သည်။ နိဿယပြန်နှင့် ဘာသာပြန်များ ထွန်းကားသည်။ တိုင်းပြည်အတွက် စစ်တမ်းများပြုစုသည်။ သားတော်ကြီးဥပရာဇာ လွန်၍ မြေးတော် စစ်ကိုင်းမင်းအား အိမ်ရှေ့စံ ဥပရာဇာခန့်သည်။ နန်းတွင်း အပျိုတော် မယ်နုကို ဥပရာဇာက ကောက်ယူသည်။ သက္ကရာဇ် ၁၁၇၄ ခုနှစ်တွင် အိမ်ရှေ့စံ ဥပရာဇာ စစ်ကိုင်းမင်း၏ မိဖုရားကြီး ဆင်ဖြူမယ် ကွယ်လွန်ရာ မယ်နုသည် မိဖုရားကြီးဖြစ်လာသည်။ ဗဒုံမင်းသည် သက္ကရာဇ် ၁၁၈၁ ခုနှစ်တွင် နတ်ရွာစံသည်။

**၄။ စစ်ကိုင်းမင်း နန်းသိမ်းပွဲ၊** **၃၀**

စစ်ကိုင်းမင်းသည် မယ်နုကို အဂ္ဂမဟေသီ မိဖုရားခေါင်ကြီးနေရာထား၍ အမရပူရထီးနန်းကို သိမ်းသည်။ မကျေနပ်သူများ ပေါ်လာရာ ထိုအထဲမှ တောင်ငူစားဘထွေးတော် အကွပ်မျက်ခံရသည်။ စလင်းဆရာတော်အား သာသနာပိုင်ခန့်သည်။ သက္ကရာဇ် ၁၁၈၇ ခုနှစ်တွင်

မြို့တော်မီးလောင်ရာ နေပြည်တော်ကို အင်းဝနေပြည်တော်သို့ ပြောင်းရန်စီစဉ်သည်။ မိဖုရားခေါင်ကြီး မယ်နုတွင် သမီးတော် တိလောကမြတ်စွာကို ဖွားမြင်သည်။

**၅။ စတုတ္ထ အင်းဝနေပြည်တော်၊** **၃၅**

အင်္ဂလိပ်မြန်မာ ပထမစစ်ပွဲနှင့် ရန္တပိုစာချုပ် ချုပ်ဆိုရခြင်း၊ နန်းတွင်း အပြိုင်အာဏာလုပွဲအတွက် ဝါဒဖြန့်ရာ နန်းမတော်၏ အုတ်ကျောင်းကြီးကို ညောင်ကန်ဆရာတော်အား တင်လှူပွဲ၊ စလင်းစား ဦးအိုု၏ တံတားကြီးဖွင့်ပွဲ၊ သာယာဝတီမင်း၏ သားတော် နားထွင်းပွဲ၊ ဦးအို၏ အုတ်ပြာသာဒ် ရေစက်ချပွဲ စသည်များ။

**၆။ ဆရာတော် ဦးဗုဓ်ကို ပင့်ခြင်း၊** **၃၉**

ပထမ ညောင်ကန်ဆရာတော် လွန်၍ ဒုတိယ ညောင်ကန်ဆရာတော် ဦးဗုဓ်ကို ပင့်၍ မဟာအောင်မြေဘုံစံ အုတ်ကျောင်းကြီးကို သက္ကရာဇ် ၁၁၉၂ ခုနှစ်တွင် မင်းနှင့် မိဖုရားက တင်လှူသည်။ ဆရာတော် ဦးဗုဓ်၏ ဓမ္မစကြာ အဖြည့်လက်ရာနှင့် ညောင်ကန်ရွာတွင် ပြုစုထားသော ကျမ်းများ၊ ကျောင်းလှူပွဲတွင် ပေးလိုက်သော တစ်ခွန်းတည်းသော ဩဝါဒ၊ ပထမကျော်ပြိုင်ပွဲ အဆုံးအဖြတ်၊ တွဲဖက်မိသော ဆရာဒကာ။

**၇။ ဂုဏ်တော်ဖွင့်ကြီး၊** ၅၁

ဆရာတော်ဦးဗုဓ် အုတ်ကျောင်းကြီး လက်ခံသည့်နှစ်တွင် သက္ကရာဇ် ၁၃၉၂ ခုနှစ်တွင် ပြုစုသော ကျမ်းသုံးကျမ်း။

**၈။ သက္ကရာဇ် ၁၃၉၃ ခုနှစ်၊** ၈၈

တစ်ဖက်စောင်းနေသော နန်းတွင်းရေးအကြောင်း ယုဒသန်၏ အစီရင်ခံစာ၊ သမီးတော်ကလေး တိလောက မြွတ်စွာကို ဆရာတော်ပြောလိုက်သော စကား၊ နိဗ္ဗာန် ရောက်ကြောင်း အကျဉ်းခံတရား၊ ဆရာတော် မျက်နှာလိုက်ပုံ ရေဖလားတရား၊ ရောမ ပဋ္ဌာန်းတရားတော်ကြီး၊ ထိုနှစ် ပြုစုသော ကျမ်းတစ်ဆူ။

**၉။ သက္ကရာဇ် ၁၃၉၄ ခုနှစ်၊** ၉၈

နန်းမတော်နှင့်မောင်တော် စလင်းစားတို့၏ ဖလခုံရွာ အလှူ၊ ဆရာတော်ဦးဗုဓ်နှင့် သာမဏောငယ်၊ ဓမ္မစကြာ မြန်မာပြန်၊ မဟာဂန္ဓာရုံဆရာတော်၏ အမွှန်း၊ ဆရာတော်ဦးဗုဓ်၏ မူရင်းအမွှန်း၊ ထိုနှစ်ပြုစုသော ကျမ်းနှစ်ဆူ၊ မိဖုရားသာသနာမဟုတ် ဟူသော ဆရာတော်၏ အဆုံးအမ။

**၁၀။ သက္ကရာဇ် ၁၁၉၅ ခုနှစ်၊** ၁၀၈
စကြာမင်းကလေး ညောင်ရမ်းစားနှင့် သမီးတော် တိလောကမြတ်စွာတို့၏ သျှောင်ထုံး၊ နားသမင်္ဂလာပွဲ၊ ဆရာတော်ဦးဗုဒ်၏မယ်တော်ကြီးရောက်လာခြင်း၊ ပိဋကတ် သုံးပုံရှိရိုး၊ ဝိနည်းရှိရိုး၊ အဘိဓမ္မာရှိရိုး၊ ဝါဆိုစဉ် ဘုရားရှိရိုး၊ ဓာတ်တော်စေတီရှိရိုး၊ သတ္တဋ္ဌာန ဘုရားရှိရိုး၊ ထိုနှစ်ကျမ်း နှစ်စောင်ပြုစုခြင်း၊ မယ်တော်ကြီး ပြန်သွားခြင်း။

**၁၁။ သက္ကရာဇ် ၁၁၉၆ ခုနှစ်၊** ၁၃၀
ထိုနှစ် ဆရာတော်ကျမ်း ၅–ကျမ်းပြုစုသည်။ ကျမ်းပြု နေချိန် ဦးပေါ်ဦး ရောက်လာခြင်း၊ ထုံးအိုးထဲနှစ်၍ တည်းဖြတ်ခြင်း၊ ဒီပဲယင်းမှ ကပ္ပိယကြီး၊ မိတ်ဆွေရင်း မုံရွေးဆရာတော်၊ မုံရွေးဆရာတော်၏ ပျို့များ၊ ထိုနှစ်ရေး ကျမ်းတို့၏ နိဂုံးများ။

**၁၂။ သက္ကရာဇ် ၁၁၉၇ ခုနှစ်၊** ၁၄၁
ဘကြီးတော် စစ်ကိုင်းမင်းသည် ညီတော် သာယာဝတီ မင်း၏ သားတော်ကို တောင်တွင်းကြီးမြို့စားအဖြစ် ချီးမြှင့်သည်။ ဆရာတော်၏ ကျောင်းသို့ သွားလည်ကြ သော ရဟန်းငယ်များ၊ မယ်တော်ကြီးအိမ် မီးလောင်ခြင်း၊ မယ်တော်ကြီးဆုံးရှာခြင်း၊ ထိုနှစ် ဆရာတော်သည် ကျမ်းတစ်ဆူသာ ပြုစုရသည်။

**၁၃။ သက္ကရာဇ် ၁၁၉၈–၉၉–၁၂၀၀ ပြည့်** ၁၄၅

သက္ကရာဇ် ၁၁၉၈ ခုနှစ်တွင် ဘကြီးတော် စစ်ကိုင်းမင်းသည် မမာမကျန်း ဖြစ်လျက်ရှိသည်၊ ရောဂါမှာ ၁၁၉၅ ခုနှစ်ကတည်းက စဖြစ်လာသည်ဖြစ်၍ နာတာရှည် ဖြစ်နေသည်။ နန်းတွင်းမှာ အာဏာလုပွဲကြီး မလွဲမသွေ ဖြစ်တော့မည်ဟု ထင်ကြေးပေးကြသည်။ သာယာဝတီစားသည် သူ့အား နန်းမတော်တို့ဘက်က ရာဇဝတ်မှုနှင့် ဖမ်းမည်ကြံကြောင်း အကြောင်းပြ၍ ရွှေဘိုသို့ထွက်ကာ လူသူစု၍ အင်းဝကိုတိုက်ရာ ၁၁၉၉ ခုနှစ်တွင် အောင်နိုင်သည်။ နောင်တော်နှင့် နန်းမတော်ကို နန်းမှချ၍ အိမ်နိမ့်စံစေသည်။

သာယာဝတီမင်းသည် အင်းဝကို သိမ်းပြီးနောက် သဲအင်းဆရာတော်ကြီးအား သာသနာပိုင်ခန့်သည်။ ဆရာတော်ဦးဗုဒ်သည် သူနှင့်မဆိုင်သည်ကို သာသနာပိုင်က ပင့်သော်လည်း မကြွဘဲနေသည်။ ထိုအချိန်က အကြောင်းမရှိ အကြောင်းရှာ၍ ကျောင်းသို့လာသော သံတော်ဆင့်အား ဆရာတော် ငေါက်လွှတ်ပုံမှာ ကြားရသော အင်းဝသားများ၏ ပြုံးစရာ၊ ရယ်စရာ ဖြစ်ခဲ့သည်။ နန်းမတော်ဝန်ဟောင်း ဦးမှိုင်းအားလည်း ပေရေးခ ဖြတ်စားသဖြင့် အရှင်အားရ မျက်နှာလှအောင် မလုပ်နှင့်ဟု ဆုံးမခဲ့သည်။ ပက္ခဒိန်ကိစ္စ နန်းတွင်းက ပင့်သည်ကိုလည်း ဆရာတော်က ငြင်းပယ်လိုက်သည်။

၁၂၀၀ ပြည့်နှစ်တွင် သာယာဝတီမင်းသည် ညောင်ရမ်းစား စကြာမင်းကလေး၊ လက်ဝဲဝင်းမှူးနှင့် လူနှစ်ဆယ်ကျော်ကို ကွပ်မျက်ပစ်လိုက်သည်။ ထိုနှစ်တွင် ဆရာတော် ခုဒ္ဒသိက္ခာနိသျကျမ်း တစ်ကျမ်းသာ ပြုစုသည်ကို တွေ့ရသည်။

**၁၄။ သက္ကရာဇ် ၁၂၀၁ ခုနှစ်၊** **၁၆၀**

ထိုနှစ်တွင် ရှမ်း–မြန်မာ သူပုန်တို့က မတ္တရာကို သိမ်းသည်။ သူပုန်တပ်ပျက်ပြီးနောက် ဖမ်းမိသူများကို စစ်ဆေးရာ ထိုကိစ္စတွင် နန်းမတော်ပါကြောင်း ပြောသည် ဟုဆိုသည်။ သာယာဝတီမင်းသည် သူပုန်အများကို ကွပ်မျက်ပြီးနောက် နန်းမတော်ကို ရေမှာဖျောက်ရန် မြို့ဝန်ကို အပ်သည်။ နန်းမတော်သည် ဆရာတော်ဦးဗုဒ် အား ဖူးခွင့်ရ၍ သေရဲသောဆေးကို ရရှိသွားလေသည်။ နန်းမတော်၏ ကုသိုလ်ကောင်းမှုများ။

**၁၅။ သက္ကရာဇ် ၁၂၀၂ ခုနှစ်၊** **၁၆၉**

သာယာဝတီမင်းသည် ပြည်ထောင်နှင့်တကွ အမရပူရ သို့ ပြောင်းသည်။ ဆရာတော် ဦးဗုဒ် အားလည်း အမရပူရမြို့ မြောက်ပြင်၌ မိဖုရားဆောက်လုပ်သော မင်္ဂလာဘုံကျော်ကျောင်းကို တင်လှူသည်။ ထိုစဉ် ဆရာတော်သည် ပြည်ဆရာတော်အား မြတ်စွာဘုရား၏ သားတော်သာ ဖြစ်စေချင်ကြောင်း မြွက်ကြားခဲ့သည်။

တလုပ်မြို့ ဆရာတော်နှင့်လည်း စာပေဆွေးနွေးဖက်ဟု ဆရာတော်က သတ်မှတ်သည်။ သဲအင်းသာသနာပိုင် ဆရာတော် ပျံလွန်တော်မူသဖြင့် သာယာဝတီမင်းက ဆရာတော် ဦးဥေယျကို သာသနာပိုင်အဖြစ် ခန့်အပ်သည်။ သာသနာပိုင် ဘုရားတည်သည်ကို ဆရာတော် ဦးဗုဓ်က ရဟန်းတို့အလုပ်မလုပ်ဟုဆိုသည်။ သာသနာပိုင်သည် ကျောင်းထိုင်ဆရာတော်များ "ဥဘတောဝိဘင်း" ကို ပြန်ဆိုနိုင်မှ ကျောင်းထိုင်ရမည်ဆိုသော အမိန့်ကို ဆရာတော်ဦးဗုဓ် ညွှန်ပြချက်ကြောင့် မထုတ်ပြန်ဘဲ ထားလိုက်ရသည်။ ခင်မကန်ဆရာတော်မှာ စာများကို မှားမှန်းသိသော်လည်း အမှန်ဖြစ်အောင် မပြင်တတ်ဟု ဆိုပုံ။

၁၆။ သက္ကရာဇ် ၁၂၀၃ ခုနှစ်၊ ၁၈၂

ပြိုင်ဖက်ကင်းသော ကျမ်းကို ဆရာတော် နိသျပြန်သည်၊ ရွှေစက်တော်သွား ကဗျာများ၊ ထိုနှစ် ဆရာတော် ပြုသော ကျမ်း နှစ်ကျမ်း။

၁၇။ ပျံလွန်တော်မူပြီ၊ ၁၈၈

သာယာဝတီမင်း၏ အမိန့်တော်နှင့် ဆရာတော် ပြုစုသွားသော ကျမ်းများ၊ ကျမ်းကိုးစာရင်း။ ၁၈၉